# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 5, 2019 Volume 26, Number 4


၅.၁၂.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၄၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၆/- ကျပ် |
| CBM Rate | = ၁၅၀၀.၉ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၃.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၂.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၈.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၆.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၀၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၉.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၄၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဆောင်းသီးနှံအဖြစ် စားတော်ပဲစိုက်ပျိုးမှုများလာ



မိုးစပါးရိတ်သိမ်းအပြီးဆောင်းသီးနှံအဖြစ် စိုက်ပျိုးစရိတ်သက်သာသည့် စားတော် ပဲကို စိုက်ပျိုးမှုများနေကြောင်း ကသာမြို့နယ်မှ တောင်သူများထံမှသိရသည်။ မိုးစပါး ကို ဒီဇင်ဘာလအတွင်းအပြီးရိတ်သိမ်းကြပြီးနောက် ထယ်ကြမ်းထိုးပြီး စားတော်ပဲကို ပတ်ကြဲစိုက်ပျိုးကြခြင်းဖြစ်သည်။ ကသာမြို့နယ်အတွင်း စားတော်ပဲဒေသမျိုးကို အများဆုံးအသုံးပြုစိုက်ပျိုးကြပြီး မျိုးစေ့တစ်ပြည်လျှင် ကျပ် ၁၅၀၀၀ ပေါက်ဈေးရှိပြီး ယခုနှစ်တွင် စိုက်ပျိုးမှုများ၍ ကျပ် ၁၆၀၀၀ ပေါက်ဈေးဖြစ်လာကြောင်း၊ တောင်သူများ အတွက် တွက်ခြေကိုက်သည့်သီးနှံဖြစ်ကြောင်း ကသာမြို့နယ်မှ တောင်သူ ဦးမောင်လေးကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းဆောင်းသီးနှံအဖြစ် စားတော်ပဲကို မြေနုကျွန်းများတွင် အများဆုံးစိုက်ပျိုးပြီး မိုးစပါးစိုက် လယ်မြေများတွင်လည်း စိုက်ပျိုးလာကြခြင်းဖြစ်သည်။ "ဒီဇင်ဘာလအတွင်းမှာ မိုးစပါးသိမ်းပြီးတာနဲ့ ထယ်ကြောင်းလေးပေးပြီး ပတ်ကြဲစိုက်ပျိုးပါတယ်။လက်ကျန်မြေအစိုဓာတ်ကလေးနဲ့ ဆောင်းနှင်း အအေးဓာတ်နဲ့ ဆိုရင် ပိုကောင်းတယ်။ အပွင့်ချိန်မိုးကျမှာပဲ စိုးရိမ်ရတယ်။ မိုးလွတ်ရင် တစ်ဧကေ(၁၀)တင်းလောက်ထွက်တယ်။ မိုးမိသွားရင်တော့ အထွက်လျော့ တယ်။ စိုက်စရိတ်ရယ်လို့ကတော့ သိပ်မကုန်ပါဘူး။ မျိုးဖိုးလောက်ပဲကုန်တယ်"ဟု ၎င်းကပြောသည်။

ပြည်တွင်းဈေးကွက်တွင် ကျွန်းစားတော်ပဲဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ မှ ၉၀၀၀၀ ပေါက်ဈေးရှိနေပြီးဈေးကောင်းရကြောင်း၊ပြည်တွင်းဈေးကွက်သို့ ကနေဒါစားတော်ပဲများ မှုဆယ်နယ်စပ်မှ ဝင်ရောက်နေပြီး သုံးတင်းဝင်တစ်အိတ်လျှင် ၆၆၀၀၀ ဝန်းကျင်ပေါက်ဈေးရှိနေကြောင်း ပဲ၊နှမ်းကုန်သည် ဦးကျော်သွင်က ပြောသည်။

"ကနေဒါစားတော်ပဲ အဝင်ရှိနေပေမယ့် ပြည်တွင်းစားတော်ပဲလောက် စားသုံးရာမှာ

အရသာမရှိတော့ ဈေးကောင်းရနေပါတယ်။ ကျွန်းစားတော်ပဲတွေကို ဖေဖော်ဝါရီ လကုန်ပိုင်းဆိုရင်အသစ်ပေါ်တယ်။ အဲဒီအချိန် ဈေးလေးနည်းနည်းအေးပေမယ့် တစ်နှစ်ပတ်လုံး ဈေးကောင်းအဝယ်သွက်တဲ့ ပဲမျိုးပါ"ဟု ၎င်းကပြောသည်။

**Sources: The Farmer Media.**

https://www.facebook.com/myanmaawba/?ref=page_internal

## တစ်ဒေါ်လာဈေး ၁၄၉၆ ကျပ်သို့ ကျဆင်းခဲ့



ဗဟိုဘဏ်က တစ်ရက်လျှင် ဒေါ်လာသုံးသန်းနှုန်းဖြင့် ခြောက်ရက်ဆက်တိုက်ဝယ်ယူနေသော်လည်း ဒီဇင်ဘာ ၄ ရက် ပြင်ပပေါက်ဈေးတွင် တစ်ဒေါ် လာ ၁၄၉၆ ကျပ်သို့ ကျဆင်းခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှသိရသည်။ ဒီဇင်ဘာ ၄ ရက်တွင် ဗဟိုဘဏ်ရည်ညွှန်းဈေးသည် ကျပ် ၁၅၀၀ ဖြစ်သည်။

ဗဟိုဘဏ်က နိုဝင်ဘာ ၂၇ ရက်ကစတင်ပြီး တစ်ရက်လျှင် ဒေါ်လာသုံးသန်းနှုန်းဝယ်ယူပြီး နိုဝင်ဘာ ၂၆ ရက်တွင် ဒေါ်လာ ၂ ဒသမ ၉ သန်း ဝယ်ယူခဲ့သည်ဟု ဗဟိုဘဏ်ကထုတ်ပြန်ထားသည်။

“မြန်မာနိုင်ငံက သီးနှံတွေဈေးကောင်းရလာလို့ ဒေါ်လာဈေးကျပြီး ကျပ်ငွေက ဈေးမာတာပါပဲ” ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ဒေါ်လာဈေးကျလာခြင်းကြောင့် ပြည်တွင်းရွှေဈေးလည်း ဆက်လက်ကျဆင်းလာပြီး စက်တင်ဘာတွင် တစ်ကျပ်သား ကျပ် ၁၃ သိန်းကျော်ဖြင့် အမြင့်ဆုံးနှုန်းဖြစ်သည့် ရွှေဈေးသည် ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၁၁၈၉၀၀၀ အထိကျဆင်းလာသည်။

**Source:** https://www.7daydaily.com172714

## ကြက်သွန်နီပေါ်ချိန် ဈေးကောင်းရရန်မျှော်လင့်ဟု ကျောက်ဆည်ကြက်သွန်နီစိုက် တောင်သူများပြော




လက်ရှိအချိန်၌ ကြက်သွန်နီဈေးကွက် အနေအထားအရ တောင်သူများ ကြက်သွန်နီပေါ်ချိန်တွင် ကြက်သွန်နီဈေးနှုန်းများ ဆက်လက်ကောင်းမွန်ရန် လိုအပ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် လေးဆယ်ကုန်းကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူ ဦးနိုင်လွင်ဦးကပြောသည်။ လက်ရှိအချိန်တွင် ပြည်တွင်း၌ ကြက်သွန်နီဈေးနှုန်း ဆက်လက်မြင့်တက်နေသဖြင့် ကြက်သွန်စိုက်တောင်သူ များအနေဖြင့် ၎င်းတို့၏လယ်ယာထွက်ကုန် ကြက်သွန်နီ ပေါ်ချိန်တွင် ဈေးကောင်းရရန်မျှော်လင့်နေကြကြောင်း ဒေသခံ ကြက်သွန်နီစိုက်တောင်သူများကပြောသည်။ "အခု အနေအထားအရ ကြက်သွန်နီဈေးကောင်းနေတော့ တောင်သူတွေအားလုံးက သူတို့စိုက်ခင်း ကြည့်ပြီး ကျေနပ်ပီတိဖြစ်နေကြတာ။ အရင်နှစ်တွေကဆို ဥအဖြစ် မစောင့်တော့ဘဲ မိတ်သားကို နုတ်ရောင်းတာ။ ဒီနှစ်မှာတော့ ဈေးကောင်းတဲ့ အရှိန်ကြောင့် ဘယ်သူမှနုတ်ရောင်းတယ်လို့မရှိဘူး။ ကြက်သွန်စိုက် တစ်ဧကကုန်ကျစရိတ်ကလည်း ခုနစ်သိန်းကျော်လောက်ကုန်တယ်။ တစ်ဧက ကြက်သွန်ပိဿာ ၁၅၀၀ ကျော် ၂၀၀၀ လောက်ထွက်မှ တောင်သူတွေဘက်ကလည်း အဆင်ပြေတာ"ဟု ကျောက်ဆည်မြို့နယ်၊ လေးဆယ်ကုန်းကျေးရွာမှ ဦးနိုင်လွင်ဦးကပြောသည်။

လက်ရှိ ပြည်တွင်းကြက်သွန်နီဈေးနှုန်းသည် ပြီးခဲ့သည့် အောက်တိုဘာလကုန်ပိုင်းမှစတင်၍ တဖြည်းဖြည်း မြင့်တက်လာခဲ့ကြောင်းသိရပြီး ယခုလတ်တလောအချိန်တွင် ကျောက်ဆည်၌ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၂၆၀၀ မှ ၃၀၀၀ အထိ ဈေးပေးဝယ်ယူနေရကြောင်း ကျောက်ဆည်မြို့ အောက်ချိုင်းရပ်ရှိ လက်ဖက်ရည်ဆိုင်ပိုင်ရှင် အမျိုးသမီးတစ်ဦးထံမှ သိရ သည်။

**Source:** https://myanmar.mmtimes.com/news/131896.html

## တနင်္သာရီတိုင်း ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့တက်ရောက်မည့် ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ ငါးလေလံဈေးကွက်သို့ လေ့လာခွင့်ပြုမည်



တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ တက်ရောက်မည့် ပြည်တွင်း/ပြည်ပမှ စီးပွားရေး လုပ်ငန်းရှင်များကို ငါးလေလံဈေးကွက်သို့ သွားရောက် လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စီမံ/ ဘဏ္ဍာဝန်ကြီး ဒေါ်ရီရီချိုကပြောဆိုသည်။ ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် Tanintharyi Investment Forum ကို မြိတ်မြို့၌ ကျင်းပရန်ရှိနေပြီး တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေးအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှု လေ့လာရေးအစီအစဉ်များမှာ ဖိုးလမင်း ရော်ဘာစက်ရုံ(Sea view condo) MFD site Sea View Condo Project၊ ပြည်ဖြိုးထွန်း ရေ လုပ်ငန်းအအေးခန်းစက်ရုံလေ့လာရေး၊ မြိတ်ကျွန်းစု၏ ကျွန်းပေါင်း ၈၀၀ ကျော် ရှိသည့်အထဲမှ ဒုံးညောင် မိုင်းကျွန်း၊ ရေတံခွန်နှင့် ကျောက်လုံးကမ်းခြေတို့သို့ သွားရောက်လေ့လာရန် အစီအစဉ်ရေးဆွဲ ထားကြောင်း သိရသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် လုပ်ငန်းရှင်များ စိတ်ဝင်စားပါက သွားရောက်လေ့လာခွင့်ပြုမည်ဟု သိရသည်။

တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး ဒေါ်ရီရီချိုက "လေလံဈေးက ဖိုရမ်ရဲ့လေ့လာရေး ခရီးစဉ်ထဲမှာ မပါသေးဘူး။ ဒါပေမဲ့ လုပ်ငန်းရှင်တွေအနေနဲ့စိတ်ဝင်စားတယ်၊ လေ့လာချင်တယ်ဆိုရင်တော့ ကျွန်မတို့ သွားရောက်လေ့လာခွင့် ပြုသွားမှာဖြစ်တယ်" ဟုပြောဆိုသည်။ အပြည်ပြည်ဆိုင်ရာငါးလေလံဈေးကြီးမှာ ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေး ပြဿနာ ကြောင့် ၁၇ နှစ် နီးပါး ရပ်နားထားခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးကို ပြန်လည် ဖွင့်လှစ်နိုင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၂၀ ကို ခွင့်ပြုပေးရန် အစိုးရထံတင်ပြထားသော်လည်း ပြည်ထောင်စုအဆင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာနရဲ့ခွင့်ပြုချက် ကြန့်ကြာမှုများရှိနေကြောင်းသိရသည်။ တနင်္သာရီတိုင်းဒေသကြီး၏ အဓိကပင်မလုပ်ငန်းမှာ ရေလုပ်ငန်းက ၇၅ ရာခိုင်နှုန်းရှိနေပြီး လက်ရှိအချိန်တွင် ရင်းနှီးမြှုပ်နှံမှု ဖိုရမ်၌ ခရီးသွားလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ရော်ဘာစက်ရုံလုပ်ငန်းနှင့် Condo Project များကို အစိုးရက ထည့်သွင်းရေးဆွဲထားသည့်အတွက် ဒေသတွင်းလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာမှ ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုမှာ မျှော်လင့်ချက်အားနည်းနေသည်ဟုသိရသည်။ "အစိုးရအနေနဲ့က ကိုယ်တိုင်ကိုယ့်ဒေသမှာ ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံသူ တွေကို ကောင်းကောင်း ဖိတ်ခေါ်ဖို့လိုအပ်သလို ၇၅ ရာခိုင်နှုန်းအထိရှိနေတဲ့ ရေလုပ်ငန်းကိုမိတ်ဆက်ဖို့လိုပါတယ်။ အထူးသဖြင့် မြိတ်မြို့ အင်းလေးမြင့်စက်မှုဇုန်မှာရှိတဲ့ အအေးခန်းစက်ရုံတွေ၊ ငါးအသားလွှာစက်ရုံနဲ့ ငါးလေလံဈေးကြီးကို သွားရောက် လေ့လာဖို့ ပြင်ဆင်ထားတာမျိုးမတွေ့ရဘူး"ဟု အပြည်ပြည်ဆိုင်ရာငါးလေလံဈေးကြီးရဲ့MD ဒေါ်ဌေးဌေးဝင်းက မှတ်ချက်ပြု ပြောကြားသည်။

**Source:** https://myanmar.mmtimes.com/news/131900.html

## MEC ပိုင် သကြားစက် ကြံဈေးလျှော့ချဝယ်ယူမှု သက်ဆိုင်ရာသို့တင်ပြမည်ဟုဆို

မကွေးတိုင်း အောင်လံမြို့နယ်ရှိ ဒုရင်ဗိုလ် သကြားစက်ရုံမှ ကြံများ ဝယ်ယူရာတွင် ယခင်နှစ်ထက် လျှော့နည်းသော နှုန်းထားသတ်မှတ်ဝယ်ယူမည့်အပေါ် ကြံစိုက်တောင်သူများမှ သက်ဆိုင်ရာသို့တင်ပြသွားရန် စီစဉ်နေကြောင်းသိရသည်။ ယခင်နှစ် ကြံဈေးနှုန်းမှာ ၁ တန်လျှင် ၄၅၀၀၀ ကျပ်ဝယ်ယူပြီး ယခုနှစ်တွင်မူ ၃၈၀၀၀ ကျပ်ဖြင့် ဝယ်ယူရန် နိုဝင်ဘာလ ၃၀ ရက်က တရားဝင်ဈေးနှုန်း သတ်မှတ်လိုက်ခြင်းဖြစ်သည်။ ဒီဇင်ဘာလ ၁ ရက်က ကသစ်ကန်ကျေးရွာမွှေရုံတွင် အောင်လံ မြို့နယ်တွင်းမှ ကြံစိုက်တောင်သူများကိုယ်စား ကိုယ်စားလှယ် ၁၂၄ ဦး ပြုလုပ်ခဲ့သောအစည်းအဝေးတွင် သမ္မတ၊ နိုင်ငံတော်

အတိုင်ပင်ခံ ပုဂ္ဂိုလ်၊ ကာကွယ်ရေးဦးစီးချုပ်နှင့် မကွေးတိုင်းဝန်ကြီးချုပ်တို့အား ကြံဈေးပြန်လည်သတ်မှတ်ပေးရေး တင်ပြစာပေးပို့သွားရန် ဆုံးဖြတ်လိုက်ကြခြင်းဖြစ်သည်။

ကလုံမှော်ကျေးရွာမှ ကြံစိုက်တောင်သူ ဦးစိုးတင့်က "ဒီဇင်ဘာ ၁၃ ရက်ဆို သူတို့ စက်ရုံ (ဒုရင်္ဂဗိုလ် သကြားစက်) စလည်ပတ်တော့မယ်လို့ စာပို့ထားပါတယ်။ အဲဒီနေ့ မတိုင်ခင်ကတည်းက ကြံစိုက်တောင်သူတွေ အားလုံး တညီတညွတ်တည်း ဘယ်သူမှ ကြံခုတ်၊ ကြံတင်တာတွေမလုပ်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဒုတိယအဆင့်ကတော့ ဈေးနှုန်း ပြန်ပြင် သတ်မှတ်ပေးဖို့ သမ္မတ၊ နိုင်ငံတော် အတိုင်ပင်ခံ၊ ကာကွယ်ရေးဦးစီးချုပ်နဲ့ ဝန်ကြီးချုပ်ကိုစာပို့မှာပါ" ဟုဆိုသည်။ အဆိုပါ ဒုရင်္ဂဗိုလ် သကြားစက်မှာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) ပိုင် ဖြစ်သည့်အတွက် တပ်မတော်၏တာဝန်ရှိသူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား သိရှိစေရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုပါ လိပ်မူ၍ပေးပို့ရခြင်းဖြစ်ကြောင်းလည်း ဦးစိုးတင့်က ဆက်လက်ပြောဆိုသည်။ ဦးစိုးတင့်က "ဒါနဲ့ ပတ်သက်လို့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို သိစေချင်တာပါ။ ဒီစက်ရုံက ကာကွယ်ရေးဦးစီးချုပ်ရဲ့လက်အောက်ခံ MEC လေ။ ဗိုလ်ချုပ်မှူးကြီး သိလို့ရှိရင် ပိုတိုးသွားလိမ့်မယ်။ တခြားစက်ရုံတွေနည်းတူ ဈေးရလိမ့်မယ်လို့ မျှော်လင့်ပြီးတော့ ဒီ ရက်ပိုင်းကို ပေးပို့သွားမှာပါ" ဟု ပြောသည်။

ကြံသီးနှံမှာ တနှစ်ပတ်လုံး စိုက်ပျိုးရသည့် သီးနှံဖြစ်ပြီး ၁ ကေလျှင် တန်ချိန် ၂၀ မှ ၂၅ ကြား အများဆုံး ထွက်ရှိကာ စိုက်ပျိုးစရိတ်မှာ ၅ သိန်း နီးပါး ကုန်ကျကြောင်းသိရသည်။ အောင်လံမြို့နယ် ပြလို့ ကျေးရွာမှ ဦးဟန်ထူးဝင်း က "ကြံ (ပျိုးပင်) ၁ တန်ကို ၄ သောင်းခွဲ ရှိတယ်။ ၁ ကေကို ၅ တန်ခွဲ ၆ တန်သွင်းရတယ်။ စက်ခုတ်တာက ထယ် ၁ ကေကို ၂ သောင်း ၈ ထောင်ရှိတယ်။ ထယ်က ၅ ထယ် ပြန်ရတယ်။ အောက် ခံဆေး စိုက်တဲ့အချိန်မှာ ၁ လုံးခွဲ ထည့်ရတာ တစ်လုံးကို ၄ သောင်း ၆ ထောင်။ မိုးတွင်းမှာ မြေဩဇာဘောင်လုံးတာ ၄ သောင်း ၆ ထောင် တအိပ်ထပ်ထည့်ရတယ်။ စိုက်တဲ့အချိန် အလုပ်သမား ၇ ယောက် လုပ်ရတယ် တယောက် ၅ ထောင်ပေးရတယ်။ နွား ၃ ရှင်းနဲ့ ၁ ရှင်းကို တမနက်ကို ၆ ထောင်ပေးရတယ်။ အားလုံးဆို ၅ သိန်း ကျော်ကျော်လောက်ကုန်ကျတယ်" ဟု စိုက်စရိတ်အကြောင်းကို ရှင်းပြပြောဆိုသည်။ ထိုသို့ ၃၈၀၀၀ ကျပ်ဖြင့် ဝယ်ယူမည်ဆိုပါက ကြံစိုက်တောင်သူများ အရှုံးပေါ်မည်ဖြစ်ကြောင်း တောင်သူများကဆိုသည်။ ကြံစိုက်တောင်သူ ဦးမျိုးဆွေလင်းကလည်း "အခုလို ကြံပေါ်ချိန်မှာ ဈေးနှိမ်လိုက်တော့ ကျနော်တို့တွေက ဆုံးရှုံး နစ်နာတာပေါ့။ ကျနော်တို့ကိုယ်တိုင် ကြိတ်ချင်ကြိတ်၊ မကြိတ်ချင်ရင် သူတို့ပေးတဲ့ဈေးနဲ့ သွင်းချင်သွင်း၊ မသွင်းချင်ရင် (မြရွာ) နဝဒေးသွင်းပေါ့ ဒါပဲရှိတယ်။ ခုတ်ချိန်နောက်ကျတော့ ကြံရေတွေ အရည်ခမ်းတဲ့အပိုင်းဖြစ်ပြီး အနံ့တွေထွက်ကုန်ပြီ" ဟု ပြောသည်။

ကြံဈေးနှုန်း လျှော့ချဝယ်ယူမှုနှင့်ပတ်သက်၍ ဒုရင်္ဂဗိုလ် သကြားစက်မှ တာဝန်ရှိသူ စက်ရုံမှူးနှင့်ဒုစက်ရုံမှူး တို့အား ဖုန်း ဖြင့် ဆက်သွယ်ခဲ့သော်လည်း ပြန်လည်ဖြေကြားခြင်းမရှိခဲ့ပါ။ ဒုရင်္ဂဗိုလ် သကြားစက်ရုံမှာ ပြည်မြို့နှင့်အောင်လံမြို့ကြားတွင်ရှိပြီး နှစ်စဉ် ကြံတန်ချိန် ၁ သိန်းကျော် သကြားချက်ရသည့် သကြားစက်ဖြစ်သည်။ အဆိုပါ စက်ရုံနှင့် မိုင်၂၀ ခန့်တွင် ပြည်မြို့နယ် မြရွာ နဝဒေးသကြားစက်ရှိပြီး အဆိုပါသကြားစက်တွင် ကြံ ၁ တန်လျှင် ၄၅၀၀၀ ဈေးနှုန်းဖြင့် ဝယ်ယူလျက်ရှိပြီး ပေါက်ခေါင်းမြို့နယ် အင်ငါးဂွ သကြားစက်ရုံတွင်လည်း ၄၂၀၀၀ နှုန်းဖြင့် လက်ရှိဈေးဖွင့်ထားကြောင်းသိရသည်။ ထိုသို့ ဈေးနှုန်းလျှော့နည်းသဖြင့် အခြားသကြားစက်ကိုသို့ သွားရောင်းမည်ဆိုပါကလည်း ကြိုတင်စာချုပ် ချုပ်ဆိုထားခြင်းမရှိသဖြင့် အဆင်မပြေကြောင်း တောင်သူများကဆိုသည်။ တောင်သူဦးစိုးတင့်က "စက်ရုံတွေက အစောကြီး စာချုပ်ထားတယ်ခင်ဗျ။ ဥပမာ–ဦးဖြူက တန်ဘယ်လောက် ရောင်းမယ်ဆိုရင် ဦးဖြူပဲရောင်းရတယ်၊ ဦးနီရောင်းလို့မရဘူး။ ကျနော်တို့ကတော့ စာမချုပ်ဘူး။ ကျနော်တို့က တခြားကို သွားရောင်းလို့တော့ရတယ်။ သူတို့စက်ရုံနဲ့ စာချုပ်ထားတဲ့ တောင်သူတွေကို အရင်ဦးစားပေးယူတာပါ။ စာမချုပ်ဘဲ သွား ရောင်းတဲ့လူတွေက စာချုပ်သမားတွေကုန်မှ လိုရင်လည်း ဝယ်ချင်ဝယ်တာမျိုးတော့ရှိပါတယ်" ဟု ရှင်းပြသည်။

**Source:** https://burma.irrawaddy.com/news/2019/12/05/209928.html

## မြန်မာ-နော်ဝေ နှစ်နိုင်ငံကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ဆွေးနွေးပွဲပြုလုပ်



မြန်မာနှင့် နော်ဝေ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးတို့အတွက် ပထမအကြိမ်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၃ ရက်က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတု ပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ကဏ္ဍတို့နှင့် ပတ်သက်ပြီးပူးပေါင်း ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ကာ ဆက်လက်တိုးချဲ့ နိုင်မည့် နည်းလမ်းများ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က နိုင်ငံတော်အစိုးရ၏ ဦးစားပေးဆောင်ရွက်လျက်ရှိသည့်ကဏ္ဍများ၊ ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအား ရှင်းလင်းခဲ့သည်။ အဆိုပါဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးH.E. Ms Marianne Hagen တို့ ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာနှင့်နော်ဝေနိုင်ငံကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်အတွက် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံ MoU ရေးထိုးထား သည်။

**Source:** https://myanmar.mmtimes.com/news/131943.html

## ကြံကားတန်ပိုသယ်ဆောင်ခွင့် စစ်ကိုင်းတိုင်းဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမည်

ကြံသယ်တဲ့ ကားတွေကို တန်ပိုဂိတ်က တန်ပိုသယ်ဆောင်ခွင့်မပြုတာကြောင့် ကသာ၊ ထီးချိုင့်နဲ့ငါးအိုးဒေသ က ကြံတောင်သူတွေ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်နဲ့ တွေ့ဆုံတောင်းဆိုမယ်လို့ သိရပါတယ်။ ကြံကားတွေဖြတ်သန်း နေတဲ့ မြတောင်တိုးဂိတ်မှာ ယာဉ်နဲ့ကုန် ၁၆ တန်သာခွင့်ပြုထားတယ်လို့ဆိုပါတယ်။ ကြံသယ်သူတွေက ယာဉ်ရှစ်တန် နဲ့ ကြံ ၁၅ တန် တင်လေ့ရှိတာကြောင့် ဂိတ်ကခွင့်မပြုဘူးလို့ ကြံတောင်သူကိုယ်စားလှယ် ဦးလီလီထွန်းက ပြောပါတယ်။ သူက"ကျွန်တော်တို့ ဝန်ကြီးဌာနကိုသွားပြီး ပြည်ထောင်စုဝန်ကြီးနဲ့တွေ့ဖို့လုပ်ပေမဲ့ ခရီးသွားနေလို့မတွေ့ရဘူး၊ ဒုတိယ ဝန်ကြီးနဲ့တွေ့ခဲ့ရပြီး ညှိနှိုင်းမှုအတိအကျအဖြေမထွက်ဘူး၊ ဒုတိယဝန်ကြီးဆီကနေ ထပ်ပြီးသိရတာက သက်ဆိုင် ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တွေ့ပြီးဆွေးနွေးပါလို့ညွှန်ကြားတယ်၊ ကျွန်တော်တို့အနေနဲ့ ဝန်ကြီးချုပ်နဲ့တွေ့ပြီး ရှင်းပြစရာပဲ ကျန်တော့တယ်" လို့ ပြောပါတယ်။

ကြံတောင်သူတွေက သည်ရက်ပိုင်းမှာ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်နဲ့တွေ့ဆုံမှာဖြစ်ပါတယ်။ ဆွေး နွေးမှု အဆင် မပြေရင် ဆန္ဒပြပွဲပြုလုပ်မယ်လို့ ဦးလီလီထွန်းက ပြောပါတယ်။ သူက "ဝန်ကြီးချုပ်နဲ့မနက်ဖြန် တွေ့ရမယ်၊ တွေ့ပြီးလို့ အဆင်မပြေရင် ကျွန်တော်တို့အခက်အခဲဖော်ပြနိုင်ဖို့ဆန္ဒပြမယ်"လို့ပြောပါတယ်။ အဲသည်ဒေသက ဂရိတ်ဝေါလ်ဝေမာ မောင်းကုန်းသကြားစက်ရုံ ဖွင့်နေပြီဖြစ်ပေမဲ့တန်ပိုကိစ္စ အဆင်မပြေတာကြောင့် စက်ရုံကို ကြံတွေမတင်ပို့နိုင်သေးဘူး လို့ဆိုပါတယ်။ ကသာ၊ ထီးချိုင့်၊ ငါးအိုးဒေသမှာ ကြံတောင်သူ ၅၀၀၀ ကျော်ရှိပြီး ကြံစိုက်ဧက ၉၀၀၀၀ နီးပါးရှိပါ တယ်။ သည်နှစ်မှာ မိုးခေါင်တာ၊ သွင်းအားစုသွင်းဖို့ ကြိုတင်ငွေရတာ နောက်ကျတာတွေကြောင့် ကြံပင်ဖွံ့ဖြိုးမှု မကောင်းတဲ့အတွက် ကြံထွက်နှုန်း ၃၀ ရာခိုင်နှုန်းခန့်ကျဆင်းတယ်လို့ ကြံတောင်သူတွေကပြောပါတယ်။ ကြံဈေးနှုန်း က တစ်တန်ကို ကျပ် ၃၉၅၀၀ နဲ့ စက်ရုံကတစ်တန် ထောက်ပံ့ငွေ ၁၀၀၀ ကျပ်ရတယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-36237?fbclid=IwAR0ZJqZp2Gd_ca9OMw Vs8LuFWqEP66ern NQToKVWDIifBM0OzV3MQ-919dg

## နှစ်ပေါင်း ၄၀ အတွင်း မြန်မာ့ငါးသယံဇာတ သိသိသာသာကျဆင်းသွားဟု သုတေသနဆို

မြန်မာ့ရေပြင်တွင် ၂၀၁၈ ရေပေါ်လွှာငါးထုထည်ပမာဏမှာ ၁၉၇၉-၈၀ပြည့်နှစ် ပမာဏနှင့်နှိုင်းယှဉ်ပါက ၈၀ ရာခိုင်နှုန်း လျော့နည်းသွားပြီး ရေအောက်ကြမ်းပြင် ငါးများပြောင်းလဲမှုမှာလည်း သက်တမ်းရှည်ပြီး စီးပွားရေးအရ အရေးပါသော ငါးမျိုးစိတ်များ သိသိသာသာကျဆင်းသွားသည်ဟု ၂၀၁၈ ခုနှစ် RV DR. Fridtjof Nansen ရေယာဉ်ကိုအသုံးပြုပြီး ပြုလုပ်ခဲ့သည့် သုတေသနရလဒ်တွင် ဖော်ပြထားသည်။ Dr. Fridtjof Nansen သုတသနရေယာဉ်သည် မြန်မာ့ ရေပိုင်နက်အတွင်း ငါးသယံဇာတတည်ရှိမှုနှင့် ပင်လယ်ပြင်ဂေဟစနစ်များကိုသိရှိနိုင်ရန် သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ငါးသယံဇာတအခြေအနေတိုင်းတာရာတွင် ၁၉၇၉-၈၀ ပြည့်နှစ် ရလဒ်များနှင့် နှိုင်းယှဉ်ရာ၌ ရေပေါ်လွှာ ငါးများနှင့် အောက်ခြေကြမ်းပြင်နေငါးများ၏ ထုထည်ပမာဏမှာ အဓိက လျော့နည်းလာကြောင်း သုတေသန၏ အဓိက တွေ့ရှိချက်တွင် ဖော်ပြထားသည်။ ငါးသယံဇာတအခြေအနေကိုတိုင်းတာရာတွင် ရာသီအလိုက်ပြောင်းလဲမှုကို လေ့လာတွေ့ရှိလာပြီး နှစ်စဉ်မုတ်သုံရာသီစက်ဝန်းနှင့်ဆက်စပ်ပြီး ပင်လယ်ရေပြင်ပြောင်းလဲမှုအရ ကွဲပြားသော ရာသီအလိုက် ငါးပျံ့နှံ့မှုတို့ကိုပါ ဆက်လက်လေ့လာခဲ့သည်။ ယင်းသို့လေ့လာရာတွင် ရေပေါ်လွှာငါးများနှင့် အောက်ခြေ ကြမ်းပြင်နေ ငါးများ၏ထုထည်ပမာဏ အဓိကလျော့နည်းလာခြင်းသည် ရာသီအလိုက်ပြောင်းလဲမှုနှင့် အဓိက မသက်ဆိုင်ကြောင်း ၁၉၇၉-၈၀ပြည့်နှစ် ရလဒ်များနှင့် နှိုင်းယှဉ်ဖော်ပြထားသည်။

ရေပေါ်လွှာနေငါးသယံဇာတတည်ရှိမှုတွင် ၁၉၇၉-၈၀ ခုနှစ်၏ ပျမ်းမျှ ထုထည်ပမာဏခန့်မှန်းတွက်ချက်မှုမှာ တန်ချိန် တစ်သန်းခန့်ဖြစ်ပြီး ၂၀၁၃-၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များ၏ ပျမ်းမျှ ရေပေါ်လွှာနေ ငါးထုထည်ပမာဏမှာ တန်ချိန် ၁၆၀,၀၀၀ မျှသာ တည်ရှိခြင်းကြောင့် ၈၀ ရာခိုင်နှုန်းအထိ လျော့နည်းလာသည်ဟု တွေ့ရှိချက်တွင် ဖော်ပြထားသည်။ ၁၉၇၉-၈၀ ပြည့်နှစ်နှင့် ၂၀၁၃-၂၀၁၈ ခုနှစ် ဆောင်ရွက်ခဲ့သော သုတေသနများအရ ရေအောက်ကြမ်းပြင်တွင် သက်တမ်းရှည်ပြီး စီးပွားရေးအရ အရေးပါသော ငါးမျိုးစိတ်များ သိသိသာသာကျဆင်းသွားပြီး သက်တမ်းတိုပြီး တန်ဖိုးနည်းငါးမျိုးရင်းများဖြစ်သောငါးပုတင်း၊ ငါးခြင်္သေ့နီနှင့် ငါးဆင်နင်းစသည့် ငါးများသာ တိုးပွားလာသည်ကိုသာ တွေ့ရှိရကြောင်းဖော်ပြထားသည်။ ယင်းအပြင် ပင်လယ်ရေပြင်အတွင်း သေးငယ်သော ပလတ်စတစ်ပါဝင်မှု မြင့်မားနေကြောင်းလည်း လေ့လာတွေ့ရှိခဲ့သည်။ ၎င်းပလတ်စတစ်အမှုန်များသည် ရခိုင်ကမ်းရိုးတန်းရေပြင်၏ ရေတိမ်ပိုင်းများတွင် အများဆုံးတွေ့ရှိရပြီး မြစ်ဝကျွန်းပေါ်ဒေသများတွင် အနည်းငယ်သာ တွေ့ရှိရကြောင်း သုတေသန ရလဒ်တွင် ဖော်ပြထားသည်။ ယင်းသို့ ရေပြင်များတွင် ပါဝင်မှုမြင့်မားနေသည်ကိုတွေ့ရှိရခြင်းမှာ မိုးရာသီအတွင်း မြစ်ချောင်း များသို့ ကုန်းမြေများမှတစ်ဆင့် စီးဝင်လာမှုများပြားခြင်းကြောင့်ဖြစ်သည်ဟု သုတေသနတွေ့ရှိချက်က ယူဆထားသည်။ ပင်လယ်ရေပြင်တွင်မိုက်ကရိုပလပ်စတစ်ပါဝင်မှုများလာပြီး ငါး၊ ပင်လယ်လိပ်၊ လင်းပိုင်ကဲ့သို့သော် ရေနေသတ္တဝါများသည် ပလတ်စတစ်အမှုန်အမွှားများကို ယင်းတို့၏အစားအစာအဖြစ် စားသောက်တတ်ခြင်းကြောင့် အစာမကြေဖြစ်ကာ သေဆုံးကြ ရသည်။

၎င်းသုတေသနကို ၂၀၁၈ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအထိ(မုတ်သုံရာသီ)၊ ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီးတွေ့ရှိချက်ရလဒ်များကို ဒီဇင်ဘာ ၃ ရက်က ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည်။ အဆိုပါရေယာဉ်သည် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ FAO အစီအစဉ်အရ မြန်မာ့ရေပိုင်နက်တွင် သုတေသနပြုလုပ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသို့ ၁၉၇၉ ခုနှစ်မှစတင်ခါ ၁၉၈၀၊ ၂၀၁၃၊ ၂၀၁၅ ခုနှစ်တို့တွင်လည်း လာရောက်သုတေသနပြုဆောင်ရွက်ခဲ့ပြီး အဓိကအားဖြင့် မုတ်သုံအဝင်နှင့်အထွက်ကာလတွင် ငါးသယံဇာတတည်ရှိမှုကိုသာ အဓိကတိုင်းတာခဲ့သည်။

**Source:** https://www.facebook.com/kope.aung/posts/2512610582341485

**The Myanmar Times**

## အိန္ဒိယနိုင်ငံ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် GDP တိုးတက်နှုန်း ကျဆင်းခဲ့ခြင်း

အိန္ဒိယနိုင်ငံ၊ စာရင်းအင်းနှင့် စီမံချက်များ အကောင်အထည်ဖော်ရေး ဝန်ကြီးဌာနသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ ဒုတိယသုံးလပတ်အတွက် စီးပွားရေးတိုးတက်မှု ခန့်မှန်းချက် အစီရင်ခံစာကို ၂၉.၁၁.၂၀၁၉ နေ့တွင် ထုတ်ပြန်ခဲ့ရာ ၂၀၁၁-၂၀၁၂ ပုံသေဈေးနှုန်းများအရ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်နှုန်းသည် ယခင်ပထမသုံးလပတ်တိုးတက်နှုန်း၏ အောက်သို့ ၀.၅% လျော့နည်းခဲ့ကြောင်း တွေ့ရှိရသည်။ အိန္ဒိယအစိုးရ၏ စာရင်းများအရ ၂၀၁၁-၂၀၁၂ ပုံသေဈေးနှုန်းများဖြင့် တွက်ချက်ရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုတန်ဖိုး ခန့်မှန်းချက်မှာ ရူပီးငွေ ၃၅.၉၉ ထရီလီယံဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်၌ ရူပီး ၃၄.၄၃ ထရီလီယံရှိကြောင်း ခန့်မှန်းထားရှိရာ တိုးတက်မှု ၄.၅% ရှိသော်လည်း ၆ နှစ်တာကာလအတွင်း အနိမ့်ဆုံး သုံးလပတ် GDP တိုးတက်နှုန်းအဖြစ်ရောက်ရှိခဲ့ပြီး ၇ ကြိမ်မြောက် တိုးတက်နှုန်း ဆက်တိုက်ကျဆင်း ခဲ့ခြင်းလည်းဖြစ်သည်။ စာရင်းအင်းဝန်ကြီးဌာန၏ ဖော်ပြချက်အရ စီးပွားရေးတိုးတက်မှုအား တိုင်းတာတွက်ချက်သည့် အဓိကလုပ်ငန်းအုပ်စု ၈ ခုအနက် သတ္တုနှင့်ကျောက်မိုင်းလုပ်ငန်းအုပ်စုနှင့် ပြည်သူ့ရေးရာအုပ်ချုပ်မှုနှင့် ဝန်ဆောင်မှုအုပ်စုတို့၌သာ ယခင်နှစ်ကာလတူ သုံးလပတ်ထက် တိုးတက်နှုန်းသာလွန်ခဲ့ကြောင်း လယ်ယာ၊ သစ်တော၊ သားငါးအုပ်စု၊ ကုန်ထုတ်လုပ်မှုအုပ်စု၊ လျှပ်စစ်၊ ရေ၊ ဓါတ်ငွေ့စသည့် အသုံးဝန်ဆောင်မှုအုပ်စု၊ ဆောက်လုပ်ရေးအုပ်စု၊ ကုန်သွယ်ရေး၊ ဟိုတယ်ခရီး၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအုပ်စု၊ အိမ်ခြံမြေနှင့်ငွေကြေးဝန်ဆောင်မှုအုပ်စုတို့၏ ၂၀၁၉-၂၀၂၀ ဒုတိယသုံးလပတ် တိုးတက် နှုန်းများသည် ယခင်နှစ် ကာလတူတိုးတက်မှုနှုန်းများအောက်တွင်သာရရှိခဲ့ကြောင်းသိရှိရသည်။ India Today သတင်းဌာနက CRISIL, Moody's နှင့် CARE RATINGS စသည့် စီးပွားရေးရာ အကဲဖြတ်လေ့လာရေးအေဂျင်စီများနှင့် World Bank, ADB, IMF စသည့် ဘဏ္ဍာရေး အဖွဲ့အစည်းများ၏ ခန့်မှန်းသုံးသပ်ချက်များအပေါ်လေ့လာခဲ့ရာ ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် အိန္ဒိယ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပျမ်းမျှ GDP တိုးတက်နှုန်းမှာ ၇.၃% ခန့်ရှိမည်ဟု တွက်ဆခဲ့သော်လည်း ယခုနှစ်ကုန်ပိုင်း ပြန်လည်လေ့လာတွေ့ရှိချက်များအရ ၅.၈ % ခန့်သာရရှိနိုင်ဖွယ်ရှိကြောင်းဖော်ပြပါသည်။ သို့ဖြစ်ရာ နိုင်ငံ၏စီးပွားရေးအခြေအနေ ကျဆင်းမှုဖြစ်ပေါ်လျက်ရှိကြောင်း ပြောဆိုမေးမြန်းမှုများရှိနေသည့်အပေါ် အိန္ဒိယဘဏ္ဍာရေးဝန်ကြီး Ms. Nirmala Sitharaman က အစိုးရအနေဖြင့် စီးပွားရေးတိုးတက်ကောင်းမွန်စေရန်လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ဆက်လက် ဆောင်ရွက်မည့် အစီအမံများလည်းရှိကြောင်း၊ စီးပွားရေးကျဆင်းခြင်းမဟုတ်ပဲ တိုးတက်မှုနှေးကွေးခြင်းသာဖြစ်ကြောင်းနှင့် စိုးရိမ်ဖွယ်မရှိကြောင်းဖြင့် အိန္ဒိယပါလီမန်အတွင်းဖြေကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-နယူးဒေလီ**

## ရုရှားနိုင်ငံထံမှ ကျောက်မီးသွေးများ အိန္ဒိယတိုးမြှင့်တင်သွင်းမည်

အိန္ဒိယနိုင်ငံသည် ၎င်း၏သံမဏိထုတ်ကုန်များ (Steel products) ထုတ်လုပ်ရာတွင် အသုံးပြုရသည့် အဓိကကုန်ကြမ်းပစ္စည်း တစ်မျိုးဖြစ်သော သတ္တုအရည်ကျို လုပ်ငန်းသုံးကျောက်မီးသွေး (Coking coal) အား အမေရိကန်၊ ကနေဒါ စသည့်နိုင်ငံများမှ တင်သွင်းနေရမှုကိုလျော့ချပြီး ပိုမိုစရိတ်သက်သာမှုရှိသည့် အရင်းအမြစ်ဒေသများမှရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရုရှားနိုင်ငံထံမှ တိုးမြှင့်ဝယ်ယူရရှိတော့မည်ဖြစ်သည်။ အိန္ဒိယရေနံနှင့် သဘာဝဓါတ်ငွေ့ဝန်ကြီး Mr. Dharmendra Pradhan သည် ရုရှား အရှေ့ဖျားဒေသ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပပို့ကုန်အေဂျင်စီမှ အမှုဆောင်အရာရှိချုပ် Mr. Leonid Petukhov အား နိုဝင်ဘာလ ၂၆ ရက်နေ့၌ လက်ခံတွေ့ဆုံလျက် ရုရှားအရှေ့ဖျား ဒေသရှိဆိပ်ကမ်းများ၏ အခြေခံအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းဆိပ်ကမ်းများနှင့် ရုရှားသတ္တုမိုင်းနေရာဒေသများ အကြား ဆက်သွယ်ပို့ဆောင်မှု တိုးတက်ကောင်းမွန်ရေးကိစ္စရပ်များအပါအဝင် အဆိုပါသတ္တုတွင်း လုပ်ငန်းများမှထွက်ရှိသည့် သတ္တုအရည်ကျိုလုပ်ငန်းသုံး ကျောက်မီးသွေးများအား ဝယ်ယူတင်သွင်းနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်းသိရှိရသည်။ Mr. Pradhan က ဈေးနှုန်းအရသက်သာမှု၊ လွယ်ကူစွာရရှိနိုင်မှု၊ ဆိပ်ကမ်းများနှင့်ဆက်သွယ်လျက် ပင်လယ်ရေကြောင်းမှ သယ်ယူပို့ဆောင်နိုင်မှုစသည့် အားသာချက်များရှိနေခြင်းက ရုရှားအရှေ့ဖျားဒေသမှ သတ္တုအရည်ကျိုလုပ်ငန်းသုံးကျောက်မီးသွေး ထုတ်လုပ်တင်ပို့မှုမှာ ပိုမိုတိုးတက်လာနိုင်ချေရှိကြောင်း၊ ရုရှားနိုင်ငံဘက်မှ ၎င်း၏အရှေ့ဖျားဒေသ၌ ကုန်းတွင်းနှင့် ပင်လယ်ဆိပ်ကမ်းထောက်ပံ့ပို့ဆောင်ရေးနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းသည် အိန္ဒိယနိုင်ငံနှင့် စီးပွားရေးအရ ချိတ်ဆက်မှုကိုလည်း တိုးတက်ကောင်းမွန်စေမည်ဖြစ်ကြောင်းနှင့် ရုရှားအရှေ့ဖျားဒေသ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပပို့ကုန်အေဂျင်စီအနေဖြင့် အိန္ဒိယကုမ္ပဏီများ၏ ကျောက်မီးသွေးဝယ်ယူတင်သွင်းမှုကို အထူးသတ်မှတ်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ပြုရေးနှင့် ဆိပ်ကမ်းဝန်ဆောင်မှုများအား ဦးစားပေးနှုန်းထားများဖြင့် သုံးစွဲခွင့်ပြုနိုင်ရေး စီမံဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။ Mr. Pradhan သည် လွန်ခဲ့သော ၃ လ အတွင်း မော်စကိုမြို့နှင့် ဗလာဒီဗော့စတော့မြို့များသို့ သွားရောက်လျက် ရုရှားနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ရုရှားနှင့်အိန္ဒိယတို့မှ သံမဏိပစ္စည်းထုတ်ကုန်

လုပ်ငန်းရှင်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ထို့နောက် အိန္ဒိယကုမ္ပဏီများသည် ရုရှားအရှေ့ဖျားဒေသမှ ကျောက်မီးသွေး နမူနာများအား ၎င်းတို့၏ သံမဏိထုတ်လုပ်သည့်စက်ရုံများတွင် စမ်းသပ်သုံးစွဲမှုများ စတင်လုပ်ဆောင်ခဲ့သည်။ အိန္ဒိယ နိုင်ငံသည် နှစ်စဉ် သတ္တုအရည်ကျို လုပ်ငန်းသုံး ကျောက်မီးသွေးတန်ချိန် သန်း ၅၀ ခန့်အားပြည်ပမှ တင်သွင်းလျက်ရှိရာ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာန၏ စာရင်းများအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဩစတေးလျမှ တန်ချိန် ၃၆.၉ သန်း၊ ကနေဒါမှ တန်ချိန် ၄.၃သန်း၊ အမေရိကန်မှ တန်ချိန် ၄.၁ သန်းတင်သွင်းခဲ့ပြီး ရုရှားနိုင်ငံထံမှ တန်ချိန် ၀.၅ သန်းကျော်သာ တင်သွင်းခဲ့ကြောင်းတွေ့ရှိရသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ၌ ရုရှားနိုင်ငံအရှေ့ပိုင်း၊ Vladivostok မြို့တွင် ကျင်းပသည့် ပဉ္စမအကြိမ်မြောက် အရှေ့ဖျားဒေသ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် သွားရောက်သည့်ခရီးစဉ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ချေးငွေဒေါ်လာ ၁ ဘီလီယံပေးအပ်မည်ဟု ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ပြောကြားမှုနှင့်အတူ အိန္ဒိယ သည် ရုရှားနိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုကိုတိုးမြှင့်လျက်ရှိရာ ရုရှားအရှေ့ဖျားဒေသမှ သတ္တုအရည်ကျိုလုပ်ငန်းသုံး ကျောက်မီးသွေးများ ဝယ်ယူတင်သွင်းမှုသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး-နယူးဒေလီ**

## ဘရာဇီးနဲ့အာဂျင်တီးနားတို့က သံမဏိထုတ်ကုန်တွေအပေါ် သွင်းကုန်ခွန်ကောက်ခံဖို့ အမေရိကန်စီစဉ်



ဘရာဇီးနှင့် အာဂျင်တီးနားတို့ကနေ တင်သွင်းလာတဲ့ သံမဏိနဲ့ အလူမီနီယံကုန်တွေအပေါ် သွင်းကုန်ခွန်တွေချမှတ် ကောက်ခံမယ်ဆိုပြီး အမေရိကန်သမ္မတ Donald Trump က ပြောကြားသွားခဲ့ပါတယ်။ ယင်းနိုင်ငံ နှစ်နိုင်ငံစလုံးရဲ့ နိုင်ငံသုံးငွေကြေးတွေဟာ ခုချိန်မှာ တန်ဖိုး ကျဆင်းနေလျက်ရှိပြီး ယင်းက အမေရိကန်ရဲ့ အစားအစာ ပို့ကုန် တင်ပို့မှုအပေါ် ထိခိုက်စေလျက်ရှိကြောင်း Trump က ပြောပါတယ်။" ဘရာဇီးနဲ့ အာဂျင်တီးနား အစိုးရတွေဟာ သူတို့ရဲ့ နိုင်ငံသုံးငွေကြေးတွေ တန်ဖိုးလျှော့ကျမှုအတွက် အဓိက တာဝန်ရှိသူတွေ ဖြစ်ပါတယ်၊ သူတို့ရဲ့ငွေကြေးတန်ဖိုးကျမှုကြောင့် ကျွန်တော်တို့ရဲ့ တောင်သူတွေ အခက်တွေ့နေရပါတယ်" လို့လည်း Mr Trump က ပြောပါတယ်။ ခုကိစ္စနဲ့ ပတ်သက်လို့ Mr Trump နဲ့ ဆွေးနွေးသွားမယ်လို့လည်း ဘရာဇီးသမ္မတ Jair Bolsonaro က ပြောပါတယ်။"အမေရိကန် စီးပွားရေးနဲ့ ကျွန်တော်တို့ ဘရာဇီးစီးပွားရေးက ယှဉ်ကြည့်လို့မရနိုင်ပါဘူး၊ အမေရိကန်စီးပွားရေးက ကျွန်တော်တို့ထက် အဆပေါင်း များစွာ ပိုကြီးပါတယ်၊ ဒါ့ကြောင့် အခွန်ကောက်ပြီး လက်တုန့်ပြန်ရမယ့် ကိစ္စတစ်ခုဖြစ်တယ်လို့တော့ ကျွန်တော်မထင်ပါဘူး" ဆိုပြီး ဘရာဇီးသမ္မတက ပြောသွားခဲ့ပါတယ်။

**Source:** https://www.bbc.com/news/business-50633500

SFJ Strategy First Journal

## ၂၀၂၅ တွင် ရောင်းချသောကား လေးပုံတစ်ပုံ လျှပ်စစ်ကားဖြစ်ရန် တရုတ်ပစ်မှတ်ထား

ကားလုပ်ငန်းက ကားရောင်းချမှုကျဆင်းခြင်းများနှင့် ရုန်းကန်နေရစဉ် လာမည့်ခြောက်နှစ်အတွင်း တရုတ်တွင် ရောင်းချသမျှ ကားအားလုံး၏ လေးပုံတစ်ပုံသည် လျှပ်စစ်ကားများဖြစ်ရေး အစီအစဉ်ကို တရုတ်နိုင်ငံ က ကျင့်သုံးသင့်သည်ဟု စက်မှုလုပ်ငန်းဝန်ကြီးဌာနကပြောကြားသည်။ ယခုနှစ်စောစောပိုင်းက ကားကုမ္ပဏီများ အတွက် အမတော်ကြေးများကို အစိုးရကရုပ်သိမ်းပြီးနောက် နှစ်မျိုးစပ်နှင့်လျှပ်စစ်အပြည့်အဝသုံး ကားများ အပါအဝင် စွမ်းအင်သစ်ကားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူကြမ်း ထွက်ပေါ်လာခြင်းဖြစ်သည်။



တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး စွမ်းအင်သစ်ကားဈေးကွက်ဖြစ်ပြီး စက်တင်ဘာက လျှပ်စစ်ကားများ ရောင်းချရမှုသည် ယမန်နှစ်ကထက် ၃၄ ရာခိုင်နှုန်းပိုများသည်ဟု တရုတ်ကားထုတ်လုပ်သူများ အစည်းအရုံးအဆိုအရသိရသည်။ ၂၀၂၅ တွင် ရောင်းချရသမျှ အားလုံး၏လေးပုံတစ်ပုံသည် လျှပ်စစ်နှင့်ဓာတ်ဆီနှစ်မျိုးစပ် (သို့မဟုတ်) လျှပ်စစ်အပြည့်အဝသုံးသော ကားများဖြစ်ရေး သေချာစေရန် တရုတ်ကကြိုးပမ်းသင့်သည်ဟု စက်မှုနှင့်နည်းပညာဝန်ကြီးဌာန အကြံပြုချက်မူကြမ်းကဖော်ပြသည်။ ယင်းအစီအစဉ်သည် တရုတ်က လေထုညစ်ညမ်းမှုလျှော့ချရေး ပစ်မှတ်ပြည့်မီစေရန်နှင့် နိုင်ငံခြားမှ တင်သွင်းသော ရေနံအပေါ်ဘေဂျင်း၏မှီခိုမှု လျှော့ချရေးအတွက်လည်းရည်ရွယ်သည်။ တရုတ်သည် လျှပ်စစ်ကား ဘက်ထရီနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်လုပ်ဆောင်ကာ မောင်းသူမဲ့ကားများနှင့် ဟိုက်ဒရိုက်ဂျင်ဆဲလ်ကားများအတွက် အခြေခံအဆောက်အအုံများ တိုးတက်အောင်လုပ်ဆောင်သင့်သည်ဟုလည်း အဆိုပြုချက်ကဖော်ပြ သည်။ ယင်းအဆိုပြုချက်တွင် ၂၀၂၁ မှ ၂၀၃၅ အထိ စွမ်းအင်သစ်ကားများ ဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်များ ဖော်ပြထားပြီး ပြည်သူလူထုထံမှ သုံးသပ်ချက်ကို လက်ခံရေး ဒီဇင်ဘာ ၉ ရက်အထိ လမ်းဖွင့်ထားသည်။

**Source: https://www.7daydaily.com/–172746**

## STOCK EXCHANGE (5.12.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 505 | 5,807,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,850 | 3,900 | 3,850 | 3,918 | 15,086,050 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 155 | 3,565,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 46 | 133,250 | 12,823,224 | 37,187 |


## Market summary

As of 5th Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 468.88 | +0.47 | +0.10% | 468.41 | 470.30 | 468.41 | 4,624 | 24,591,800 | 5 | 642,046 |

### Index chart




# Market Overview

As of 12:00 pm, 5th Dec. 2019

| MYANPIX | 470.30 ▲ 1.89 |
|---|---|
| Total Volume (shares) | 1,313 |
| Total Value (MMK) | 12 mil |
| Listed Company | 5 |
| Market Cap. (MMK) | 643,993 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,900 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 50 |